# အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအအမှတ် ၆/၈၈)
၁၃၅၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်
၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁၊ ဤဥပဒေကို အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

၂၊ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် –

(က) အသင်းအဖွဲ့ဆိုသည်မှာ အမည်သီးခြားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရည်ရွယ်ချက်တစ်ခုခုအတွက် သို့မဟုတ် လုပ်ငန်းစဉ် တစ်ခုခုအတွက် လူအများစုပေါင်းဖွဲ့စည်းထားသော အသင်းအဖွဲ့ အစည်းအရုံး၊ သမဂ္ဂ၊ ပါတီ၊ ကော်မတီအဖွဲ့ချုပ်၊ အသင်းစု၊ တစ်ဦး၊ ကလပ်နှင့် အလားတူ အသင်းအဖွဲ့ကို ဆိုသည်။
(ခ) နိုင်ငံရေးအသင်းအဖွဲ့ဆိုသည်မှာ နိုင်ငံရေးအယူဝါဒ တစ်ခုခုအပေါ်တွင် အခြေခံ၍ နိုင်ငံရေးစည်းရုံး လှုပ်ရှားမှုကို တစ်နည်းနည်းပြုသော အသင်းအဖွဲ့ကို ဆိုလိုသည်၊

## အခန်း (၂)
## ဖွဲ့စည်းခွင့်ရရှိရန်လျှောက်ထားခြင်း

၃။ (က) အသင်းအဖွဲ့များသည် ဖွဲ့စည်းခွင့်ရရှိရန် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသို့ သတ်မှတ်ထားသော နည်းလမ်းအတိုင်းလျှောက်ထားရမည်။

(ခ) ဖွဲ့စည်းပြီးသော အသင်းအဖွဲ့သည် ဤဥပဒေ ပြဋ္ဌာန်းသော နေ့ရက်မှ ရက်ပေါင်း သုံးဆယ်အတွင်း လျှောက်ထားရမည်၊

(ဂ) ခွင့်ပြုချက်မရသော အသင်းအဖွဲ့ကို ဖွဲ့စည်းခြင်း သို့မဟုတ် ဆက်လက်ရပ်တည် လှုပ်ရှားခြင်းမပြုရ။

၄။ အောက်ပါအသင်းအဖွဲ့များသည် ဤဥပဒေအရ ဖွဲ့စည်းခွင့်လျှောက်ထားရန်မလို –

(က) ၁၉၆၄ ခုနှစ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးကို ကာကွယ်သည့် ဥပဒေအရ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားပြီးဖြစ်၍ ယင်းမှတ်ပုံတင် တည်လျက်ရှိသော အသင်းအဖွဲ့၊

(ခ) ဘာသာ၊ သာသနာရေးသက်သက်ကိုသာ ကျင့်သုံးဆောင်ရွက်သော အသင်းအဖွဲ့၊

(ဂ) စီးပွားရေးသက်သက်ကိုသာ လုပ်ကိုင်ဆောင်ရွက်သော အသင်းအဖွဲ့၊

(ဃ) တည်ဆဲ ဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်ထားသော အသင်းအဖွဲ့၊

(င) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအရ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်မှ မှတ်ပုံတင်ခွင့်ရရှိပြီးသော သို့မဟုတ် ယင်းကော်မရှင်သို့ မှတ်ပုံတင်ရန် လျှောက်ထားပြီး သို့မဟုတ် လျှောက်ထားရန် ပြင်ဆင်လျက်ရှိကြောင်း တင်ပြပြီးဖြစ်သော နိုင်ငံရေးပါတီ အသင်းအဖွဲ့။

## အခန်း (၃)
## ဖွဲ့စည်းခွင့်မရှိသော အသင်းအဖွဲ့များ

၅။ အောက်ပါ အသင်းအဖွဲ့များကို ဖွဲ့စည်းခြင်းမပြုရ၊ ဖွဲ့စည်းထားပြီးဖြစ်လျှင်လည်း လှုပ်ရှားခြင်းမပြုရ၊ ဆက်လက်တည်ရှိခွင့် မရှိစေရ –

(က) ၁၉၈၈ ခုနှစ်၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်မရသော အသင်းအဖွဲ့၊ မှတ်ပုံတင်ခွင့်ရသော်လည်း ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်က မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ခြင်း ခံရသော အသင်းအဖွဲ့၊

(ခ) တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးကိုဖြစ်စေ၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကိုဖြစ်စေ တစ်နည်းအားဖြင့် ထိခိုက်စေရန်အားထုတ်သော၊ လှုံ့ဆော်သော၊ တိုက်တွန်းအားပေးသော၊ ကူညီသော၊ ပြုလုပ်သော အသင်းအဖွဲ့၊

(ဂ) နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားလည်ပတ်မှုကို ထိခိုက်စေရန် သို့မဟုတ် ရပ်တန့်သွားစေရန် အားထုတ်သော၊ လှုံ့ဆော်သော၊ တိုက်တွန်းသော၊ အားပေးကူညီသော၊ ပြုလုပ်သော အသင်းအဖွဲ့၊

(ဃ) နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားရှိ ပြည်သူ့တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့စသော ကာကွယ်ရေးတပ်ဖွဲ့ဝင်များ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းအသီးသီး၊ နိုင်ငံပိုင်စီးပွားရေးဘုတ်၊ ကော်ပိုရေးရှင်းနှင့် အဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများ သို့မဟုတ် ဝန်ထမ်းများပါဝင်ဖွဲ့စည်းထားပြီး နိုင်ငံရေးအသင်းအဖွဲ့တစ်ခုခု၏ သြဇာခံယူသော သို့မဟုတ် နိုင်ငံရေးအသင်းအဖွဲ့တစ်ခုခုနှင့် ဆက်သွယ်သော အသင်းအဖွဲ့။

## အခန်း (၄)
## ပြစ်ဒဏ်များ

၆။ မည်သူမဆို ပုဒ်မ၃၊ ပုဒ်မခွဲ (ဂ) ကိုဖြစ်စေ၊ ပုဒ်မ ၅ ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ်ငါးနှစ် ထိကျခံစေရမည်။

၇။ မည်သူမဆို ပုဒ်မမ ၃၊ ပုဒ်မခွဲ (ဂ) အရ ဖွဲ့စည်းခွင့်ကိုဖြစ်စေ၊ ဆက်လက်ရပ်တည်ခွင့်ကိုဖြစ်စေ မရသော အသင်းအဖွဲ့ သို့မဟုတ် ပုဒ်မ ၅ အရ ဖွဲ့စည်းခွင့်မရှိသော အသင်းအဖွဲ့ တစ်ခုခုတွင် ပါဝင်ကြောင်း၊ အသင်းအဖွဲ့ကို အားပေးကူညီကြောင်း၊ သို့မဟုတ် ထိုအသင်းအဖွဲ့၏ အဆောင်အယောင်ကို အသုံးပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ်သုံးနှစ်ထိ ကျခံစေရမည်။

## အခန်း (၅)
## အထွေထွေ

၈။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသည် ဤဥပဒေအရ မှတ်ပုံတင်ခွင့်ပြုထားသော အသင်းအဖွဲ့ အနေဖြင့် မှတ်ပုံတင်ခွင့်ပြုစဉ်ကဖော်ပြခဲ့သော ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်ကို ပြောင်းလဲ၍ လှုပ်ရှားကြောင်း စီစစ်တွေ့ရှိလျှင် ထိုအသင်းအဖွဲ့၏ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်နိုင်သည်။

၉။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို ထုတ် ပြန်နိုင်သည်။

### အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ
### ပြဋ္ဌာန်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းချက်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တ တောင်းဆို လျက်ရှိသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် စစ်မှန်သော ပါတီစုံဒီမိုကရေစီကို လက်ခံကျင့်သုံး သော နိုင်ငံရေးပါတီများအနေဖြင့် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ လွတ်လပ်စွာ ဖွဲ့စည်းလှုပ်ရှား ပါဝင် ယှဉ်ပြိုင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ၁၉၆၄ ခုနှစ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးကို ကာကွယ်သည့် ဥပဒေကို ပယ်ဖျက်ခဲ့ပါသည်။

ထို့ပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ တွင် စစ်မှန်သောပါတီစုံဒီမိုကရေစီကို လက်ခံကျင့်သုံးသော နိုင်ငံရေးပါတီများအနေဖြင့် စနစ်တကျ လွတ်လပ်စွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ပါတီစုံဒီမိုကရေစီအထွေ ထွေရွေးကောက် ပွဲကျင်းပရေးကော်မရှင် ဥပဒေကို လည်းကောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေကိုလည်းကောင်း ပြဋ္ဌာန်းခဲ့ပါသည်။

ယခုအခါ ဒီမိုကရေစီ၏ အနှစ်သာရကို အမှန်တကယ်မြတ်နိုးစွာဖြင့် စစ်မှန်သော ပါတီစုံဒီမိုကရေစီကို လက်ခံကျင့်သုံးသော နိုင်ငံရေးပါတီအ ဖွဲ့အစည်းများ ဖွဲ့စည်းလာသည်များရှိသကဲ့သို့ ဒီမိုကရေစီကိုဟန်ပြပြီး မရိုးသားသောသဘော၊ မသမာသောရည်ရွယ်ချက်တို့ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ကို အနှောင့်အယှက် အဟန့်အတားအန္တရာယ်ဖြစ်စေမည့် အသင်းအဖွဲ့များ ဖွဲ့စည်းထားကြောင်း၊ ဖွဲ့စည်းရန် ပြင်ဆင်လျက်ရှိကြောင်း သိရှိရပါသည်။

ထိုကဲ့သို့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကို အနှောင့်အယှက်အဟန့်အတား အန္တရာယ်ဖြစ်စေမည့် အသင်းအဖွဲ့များကို ခွင့်ပြုထားပါက တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာ ရေး၊ နိုင်ငံတော် အုပ်ချုပ်ရေးယန္တရား ပုံမှန်လည်ပတ်လာရေးတို့ကို ထိခိုက်လာနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ရဟန်းရှင်လူ ပြည်သူများနှင့် ဝန်ထမ်းများအကြားစည်းလုံးညီညွတ်မှုပျက်ပြားခြင်း၊ စိတ်ဝမ်းကွဲပြားခြင်း၊ စည်း ကမ်းဖောက်ဖျက်ခြင်းများဖြစ်လာနိုင်ဖွယ်ရာ အကြောင်းရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါအန္တရာယ်များကို ကာကွယ်တားဆီးနိုင်ရန်လည်းကောင်း၊ တရားမျှတ၍ လွတ်လပ်သော ပါတီစုံဒီမိုကရေစီအ ထွေထွေရွေးကောက်ပွဲ အမြန်ဆုံးထမြောက်အောင်မြင်စွာ ကျင်းပနိုင်ရန် လည်းကောင်း အသင်းအဖွဲ့များ ဖွဲ့စည်းလှုပ်ရှားမှုများကို စနစ်တကျ ကြီးကြပ် ထိန်းချုပ်ရန် လိုအပ်လာသည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းရခြင်းဖြစ်ပါသည်။